(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်စိုး၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မိမိသဘော ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူး ခန့်ထားခြင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လွှဲပြောင်းအမှု ထမ်းဆောင်ခွင့်ပြုခဲ့သော အောက်ဖော်ပြပါ တပ်မတော်အရာရှိများအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေးအမှတ်စဉ် (၃၀/၂၀၁၂) မှ သဘောတူခွင့်ပြုထားသည့် ဖွဲ့စည်းပုံအရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| **စဉ်** | **ပြန်တမ်းဝင်အမှတ်** | **အဆင့်** | **အမည်** |
|---|---|---|---|
| (၁) | ကြည်း ၂၄၀၇၁ | ဗိုလ်မှူး | ဝင်းဇော် |
| (၂) | ကြည်း ၂၄၁၁၆ | ဗိုလ်မှူး | ဝင်းနိုင် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

**ဦးစီးအရာရှိရာထူး ခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲပါ စာအမှတ်၊ ၁၄/၁၄၃-ကူးပြောင်း/အဖရ (၂၀၁၃) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၂) မှ သဘောတူခွင့်ပြုထားသည့် ဖွဲ့စည်းပုံအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** |
|---|---|---|
| (၁) | ဦးမင်းစိုးနိုင် | ဦးစီးအရာရှိ |
| (၂) | ဦးဝေလင်း | ဦးစီးအရာရှိ |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**မြေ (၀. ၂၄၃) ဧကရှိ သီတာရုပ်ရှင်ရုံ၊ အမှတ် (၁၇၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ မြေ (၀. ၂၄၃) ဧကရှိ သီတာရုပ်ရှင်ရုံ၊ အမှတ် (၁၇၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးမြင့်စိုး + ဦးအောင်ထွန်းတို့သို့ ကျပ် (၁၇၅၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးမြင့်စိုးမှ ၎င်းဝယ်ယူခွင့်ရရှိသည့်အခွင့်အရေးကို မိမိဆန္ဒအလျောက် စွန့်လွှတ်ပါကြောင်းနှင့် ဦးအောင်ထွန်းအမည်ဖြင့် ဆက်လက်ဆောင်ရွက်ရန်အတွက် ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ရှေ့မှောက်တွင် ကတိဝန်ခံချက်အား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ ဦးအောင်ထွန်းသည် မြေ (၀. ၂၄၃) ဧကရှိ သီတာရုပ်ရှင်ရုံ၊ အမှတ် (၁၇၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေ ကျပ် (၁၇၅၀) သန်းကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လက်အောက်ရှိ မြေ (၀. ၂၄၃) ဧကရှိ သီတာရုပ်ရှင်ရုံ၊ အမှတ် (၁၇၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးအောင်ထွန်းသို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ မြေ (၀. ၂၄၃) ဧကရှိ သီတာရုပ်ရှင်ရုံ၊ အမှတ် (၁၇၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးအောင်ထွန်း၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ မြေ (၂၂. ၂၇) ဧကရှိ ဆန်စက်အမှတ် (၁၃၂) အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနလက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ မြေ (၂၂. ၂၇) ဧကရှိ ဆန်စက်အမှတ် (၁၃၂) အား ဦးမျိုးသန့် + ဒေါ်နီနီကျော်တို့သို့ ကျပ် (၆၃၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးမျိုးသန့်+ဒေါ်နီနီကျော်တို့သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ မြေ (၂၂. ၂၇) ဧကရှိ ဆန်စက်အမှတ် (၁၃၂) အတွက် တန်ဖိုးငွေ ကျပ် (၆၃၀) သန်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တ နှစ်ပတ်အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန လက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ မြေ (၂၂. ၂၇) ဧကရှိ ဆန်စက် အမှတ် (၁၃၂) အား ဦးမျိုးသန့် + ဒေါ်နီနီကျော်တို့သို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ မြေ (၂၂. ၂၇) ဧကရှိ ဆန်စက်အမှတ် (၁၃၂) အား ဝယ်ယူသူ ဦးမျိုးသန့် + ဒေါ်နီနီကျော်တို့၏ အမည်ပေါက် မြေဂရန်ထုတ်ပေးရေးကို ပဲခူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၅။ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

**မြေ (၃. ၉၃၁) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၂)၊ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေ (၃. ၉၈၀) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၂)၊ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးဇာနည်ကြိုင် + ဒေါ်လွင်လွင်ဝေတို့သို့ ကျပ် (၆၉၈၇. ၆၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၄/၂၀၁၂) ၏ သဘောတူအတည်ပြုချက်အရ မြေ (၃. ၉၃၁) ဧကဖြင့် ပြန်လည် တိုင်းတာအတည်ပြုခဲ့ပြီး လျော့နည်းမြေ (၀. ၀၄၉) ဧကအတွက် ကျပ် (၇၈. ၀၈၇) သန်းအား လျှော့ပေါ့၍ ရောင်းချတန်ဖိုးအား ကျပ် (၆၉၈၇. ၆၀) သန်းအစား ကျပ် (၆၉၀၉. ၅၁၃) သန်းဖြင့် ပြန်လည်သတ်မှတ် ခဲ့ပါသည်။

၃။ ဦးဇာနည်ကြိုင် + ဒေါ်လွင်လွင်ဝေတို့သည် မြေ (၃. ၉၃၁) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၂)၊ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေ ကျပ် (၆၉၀၉. ၅၁၃) သန်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေ (၃. ၉၃၁) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၂)၊ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးဇာနည်ကြိုင် + ဒေါ်လွင်လွင်ဝေတို့သို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ မြေ (၃. ၉၃၁) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၂)၊ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဝယ်ယူသူ ဦးဇာနည်ကြိုင် + ဒေါ်လွင်လွင်ဝေတို့၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

**အမှတ် (၁၆/ဘီ) သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၉၄၈) ဧကနှင့် အဆောက်အဦအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းပိုင် အမှတ် (၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၉၄၈) ဧကနှင့်အဆောက်အဦအား ဦးသောင်း + ဦးရွှေကြိုင် + ဦးရန်ဝင်းတို့သို့ ကျပ် (၁၃၀၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးသောင်း + ဦးရွှေကြိုင် + ဦးရန်ဝင်း (၃) ဦးအနက် ဦးရွှေကြိုင် + ဦးရန်ဝင်း အမည်ဖြင့် ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်းနှင့် ဦးသောင်းမှ စွန့်လွှတ်ကြောင်း ကတိဝန်ခံချက်အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၃။ ဦးရွှေကြိုင် + ဦးရန်ဝင်းတို့သည် အမှတ် (၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၉၄၈) ဧကနှင့်အဆောက်အဦအတွက် တန်ဖိုးငွေ ကျပ် (၁၃၀၀၀) သန်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်ရက်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော အမှတ် (၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၉၄၈) ဧကနှင့် အဆောက်အဦအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးရွှေကြိုင် + ဦးရန်ဝင်းတို့သို့ စနစ်တကျ လွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ အမှတ် (၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၉၄၈) ဧကနှင့် အဆောက်အဦအား ဝယ်ယူသူ ဦးရွှေကြိုင် + ဦးရန်ဝင်းတို့၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

အမှတ် ၈၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၆/၂၀၁၃) ၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) မှ စာတည်း လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးဇော်ထွန်းအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဆေးခုံအဖွဲ့၏ ဆေးထောက်ခံစာပုံစံ (၅၂) အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နာမကျန်းပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

အမှတ် ၁။ ။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၃) မှ အတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက္ကူစက်ရုံခွဲ (ပလိပ်) မှ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လွှဲပြောင်းပေးသည့် လက်ထောက်အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဒေါ်ခင်မာသီအား ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

အမှတ် ၂။ ။ ဒေါ်ခင်မာသီအား ပြန်ကြားရေးဝန်ကြီးဌာန၊ ဌာနတွင်း စာရင်းစစ်ဆေးရေးအဖွဲ့တွင် တာဝန်ပေးရန်အတွက် ဝန်ကြီးရုံးသို့ တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၃။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်မှ စာတည်းမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးတင်မောင်သန်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၄။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၅။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးလှစိန်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၆။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၇။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-

၂,၀၀၀-၁၅၀,၀၀၀) ဦးတင်လတ်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၈ ။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ နေပြည်တော် (ရုံးချုပ်) မှ ဌာနခွဲမှူး (စီမံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးမြသိန်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၉ ။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားဌာနခွဲမှ ဦးစီးအရာရှိ (ဖလင်တိပ်ခွေ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်မြကေသွယ်အေးအား ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာအရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နာမကျန်းပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၀ ။ ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်ဝင်းမေအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၂) လ (၂၇) ရက်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ချင်းပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေအမှတ် ၆ မှအဆက် ]**

**နောက်ဆက်တွဲ ပုံစံ (၁)**

## ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------

(ခ) အဘအမည် ------------------------------------------

(ဂ) အသက် ------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------

၃။ သက်ဆိုင်ရာ ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရပ်ကွက်/ကျေးရွာအုပ်စု ----------------------------

ရက်စွဲ၊ -----------------------

၄။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရက်စွဲ၊ -----------------------

၅။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရက်စွဲ၊ -----------------------

၆။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိ အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရက်စွဲ၊ -----------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

------------------------------- ဝန်ကြီးဌာန

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၂)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------
(ခ) အဘအမည် ------------------------------------------
(ဂ) အသက် ------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------
(င) အဆင့်/တာဝန် ------------------------------------------
(စ) လုပ်ငန်းဌာန ------------------------------------------
(ဆ) နေရပ်လိပ်စာ ------------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------
ဌာန -----------------------------

ရက်စွဲ၊ -----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------
ဌာန -----------------------------

ရက်စွဲ၊ -----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ -----------------------

၆။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၃)**

**ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------

(ခ) အဘအမည် ----------------------------------------

(ဂ) အသက် ----------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------

(င) အဆင့်/တာဝန် ----------------------------------------

(စ) လုပ်ငန်းဌာန ----------------------------------------

(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရက်စွဲ၊ -----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------

ဌာန ----------------------------

ရက်စွဲ၊ -----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ -----------------------

၆။ ပြည်နယ်ဥပဒေချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်ဥပဒေချုပ်

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၄)**

**ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း

၂။ (က) အမည် ----------------------------------------
(ခ) အဘအမည် ----------------------------------------
(ဂ) အသက် ----------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------
(င) အဆင့်/တာဝန် ----------------------------------------
(စ) လုပ်ငန်းဌာန ----------------------------------------
(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ -----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ -----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ ------------------------

၆။ ပြည်နယ်စာရင်းစစ်ချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်စာရင်းစစ်ချုပ်

**နောက်ဆက်တွဲ ပုံစံ (၅)**

**တပ်မတော်သားများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် ------------------------------------------

(ခ) အဆင့် ------------------------------------------

(ဂ) အမည် ------------------------------------------

(ဃ) အသက် ------------------------------------------

(င) အမှုထမ်းသက် ------------------------------------------

(စ) တပ်ဖွဲ့ ------------------------------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး/တပ်ခွဲမှူး

ရက်စွဲ၊ -----------------------

၄။ တပ်ရင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြား ပူးတွဲပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ၊ -----------------------

၅။ တပ်မမှူး/တိုင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြား ပူးတွဲပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၆)**

## အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------

(ခ) အဘအမည် ----------------------------------------

(ဂ) အသက် ----------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------

(င) အဆင့်/တာဝန် ----------------------------------------

(စ) လုပ်ငန်းဌာန ----------------------------------------

(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

----------------- ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ၊ -----------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

မြို့နယ်အုပ်ချုပ်ရေးမှူး

----------------- မြို့နယ်

ရက်စွဲ၊ -----------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ခရိုင်အုပ်ချုပ်ရေးမှူး

------------------ ခရိုင်

ရက်စွဲ၊ ------------------------

၆။ ပြည်နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ ------------------------

# ချင်းပြည်နယ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **ပြည်နယ်အစိုးရ**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောဦးစီးဌာနကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောဦးစီးဌာန၏ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) **သစ်တောအရာရှိ**ဆိုသည်မှာ ချင်းပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဇ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(ဈ) **သစ်တောနယ်မြေ**ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းသတ်မှတ်ကြေညာထားသည့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကိုဆိုသည်။

(ည) **အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေအရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ပိုင်ခွင့်၊ လက်ဝယ်ထားခြင်း၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်။

(ဋ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

(ဌ) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ခွင့်ပြုချက်အရ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော ထင်းစိုက်ခင်းကို ဆိုသည်။

(ဍ) **ကျေးရွာပိုင်ထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုး ထိန်းသိမ်းပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် သက်ဆိုင်ရာခွင့်ပြုချက်အရ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်။

(ဎ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်း သုံးစွဲရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော အစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကာကွယ်တောများတွင် ထင်းစိုက်ခင်းများ သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ချင်းပြည်နယ်၏စီးပွားဖွံ့ဖြိုးမှုကို တစ်စိတ် တစ်ပိုင်းမှ အထောက်အကူပြုစေရန်၊ ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူပြုစေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားများခံစားနိုင်စေရန်၊

(ခ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာတိုးမြှင့်အသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမှ ကာကွယ်ရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရသင့် ရထိုက်သည့် အခွန်အခများ ရရှိစေရန်။

## အခန်း (၃)
## ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်စိုက်ခင်းတည်ထောင်ခြင်း

၄။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်စိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဥပဒေပါ အခြေခံမူ များအရ သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဌာနကြီးရေးမှူးထံ လျှောက်ထားရမည်။

၅။ ဌာနကြီးရေးမှူးသည် ပုဒ်မ-၄ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ချက်နှင့် သဘောထား မှတ်ချက်ပေးရန် သက်ဆိုင်ရာကော်မတီသို့ တောင်းခံရမည်။

၆။ ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်တို့ကိုရရှိလျှင် -

(က) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီး ဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြပြီး သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရမည်။

(ခ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ဖြစ်ပါက ကော်မတီ၏စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့် အတူ ပြည်နယ်ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

၇။ ပြည်နယ်ဝန်ကြီးသည် -

(က) ညွှန်ကြားရေးမှူးက ပုဒ်မ-၆၊ ပုဒ်မခွဲ (က) အရ တင်ပြချက်အပေါ် သစ်တောနယ်မြေအတွင်းတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ကို ခွင့်ပြုသည့် အမိန့်ချမှတ် ရမည်။

(ခ) ပုဒ်မ-၆၊ ပုဒ်မခွဲ (ခ) အရ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၈။ အစိုးရအဖွဲ့သည် ပုဒ်မ-၇၊ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးက တင်ပြသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင် ထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့်အမိန့် ထုတ်ပေးရမည်။

၉။ ညွှန်ကြားရေးမှူးသည် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့၏ ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့် အမိန့် ကို ထုတ်ပြန်ရမည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးသည် -

(က) ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုများတွင် ထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီများကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင် (၇) ဦးမှ (၉) ဦးအထိပါဝင်သော ခရိုင် နှင့် မြို့နယ်များအလိုက် ထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီများကို အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

(၁) ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(၂) ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊

(၃) ခရိုင်နှင့် မြို့နယ် ဦးစီးမှူး၊ သစ်တောဦးစီးဌာန၊

(၄) ခရိုင်နှင့် မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊

(၅) မြို့မိမြို့ဖကိုယ်စားလှယ်များ၊ ကျေးရွာဒေသခံ တိုင်းရင်းသားကိုယ်စားလှယ် (၃) ဦး သို့မဟုတ် (၅) ဦး။

(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့် ကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် အုပ်ချုပ်ရေးမှူးများနှင့် အတွင်းရေးမှူးအဖြစ် သစ်တောဦးစီးမှူးများကို သတ်မှတ်ဖွဲ့စည်းရမည်။

၁၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၁၂။ ကော်မတီလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးမှ စိစစ်ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်လွှာများကို စိစစ်၍ ညွှန်ကြားရေးမှူးထံ ပြန်လည်ပေးပို့ခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေး၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးတို့ကို စည်းကမ်းတကျဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများကို တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး၊ ဝန်ကြီးတို့ထံ တင်ပြခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းများ အသုံးပြုသူများစာရင်း ပြောင်းလဲမှုရှိပါက စိစစ်၍ အတည်ပြုပေးခြင်း။

## အခန်း (၅)
## သစ်တောအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြပေးခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများ၏ အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း၊

(ဆ) ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များကို **အသုံးပြုသူများအဖွဲ့**၏အဖွဲ့ဝင်များ သိရှိလိုက်နာစေရန် ကြီးကြပ်ခြင်း၊

(ဇ) ဤတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေပါ ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း လျော်ညီမှုရှိရမည်။

## အခန်း (၆)

## ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူ၏လုပ်ငန်းတာဝန်များ

၁၄။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၅။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်သူသည် စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် **အသုံးပြုသူများအဖွဲ့**ကို ဖွဲ့စည်းရမည်။

၁၆။ **အသုံးပြုသူများအဖွဲ့**သည် သက်ဆိုင်ရာကော်မတီ၏ကြီးကြပ်မှုကို ခံယူ၍ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၇။ **အသုံးပြုသူများအဖွဲ့**သည် ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၈။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသူသည် ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့၏ခွင့်ပြုမိန့်ရရှိမှသာ လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

၁၉။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်သူနှင့် အသုံးပြုသူများအဖွဲ့သည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက် ရေးဆွဲတင်ပြရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အအုံဆောက်လုပ်နေထိုင်ခြင်း မပြုရန်၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်။

## အခန်း (၇)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၂၁။ မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်နိုင်သည် -

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း၊

(ဃ) အခြားသင့်လျော်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်း။

၂၂။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိ/မရှိ၊ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာမှုရှိ/မရှိ စစ်ဆေးရမည်။

၂၃။ သစ်တောအရာရှိသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းကို သတ်မှတ်ပေးသည့် အခွန်အခပေးဆောင်ရွက်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကားသူအား ကျပ်တစ်သောင်းထက်မပိုသော ဒဏ်ကြေးငွေနှင့် သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး ဆက်လက်ရောင်းချခွင့်ပြုနိုင်သည်။

## အခန်း (၈)
## အယူခံခြင်း

၂၄။ (က) ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးသည် ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၆။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက် မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံးမြေကို တူးဆွခြင်းနှင့်မီးပေါ့ဆစွာ အသုံးပြုခြင်းများ မပြုရ။

၂၇။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုရ။

၂၈။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၉။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ သက်ဆိုင်ရာ တရားရုံးသည် ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် (၁၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၁။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူသို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၃။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ခ) ဤဥပဒေ၏ အခန်း (၁၀) ပါ ပြစ်ဒဏ်များအရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသူတို့ကို နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၃၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၅။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၃၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလျှင် လိုအပ်သောအကူအညီများကို ပေးရမည်။

၃၇။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

# ချင်းပြည်နယ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ချင်းပြည်နယ်၊ ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ချင်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော ကုန်တင်ကုန်ချ လုပ်ငန်းများကို စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ အစိုးရအဖွဲ့၏ တိုက်ရိုက်စီမံအုပ်ချုပ်မှု နယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက် နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိသော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်။

(ဇ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်။

(ည) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်။

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ ပြည်နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ မြို့တွင်းလုပ်ငန်းများနှင့် ဈေးကြီး စသည့်နေရာများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်းပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဌ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ ပြည်နယ်က အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများနှင့် ဖွင့်လှစ်ခွင့်ပေးထားသော ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ်ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ပ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဏ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့်ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာချောင်ချိရေးရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သောလုပ်ခ အပြည့်အဝမှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါကော်မတီနှင့်ရုံးများကို ဖွဲ့စည်းရမည် -

(က) ပြည်နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့်ရုံးများ။

၅။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများကို အစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တာဝန်ပေးအပ်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်လိုပါက ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ညွှန်ကြားချက်အရ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကုန်တင်ကုန်ချကော်မတီများ၏လုပ်ငန်းများ

၇။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိ ဝင်ရောက်စစ်ဆေးစေခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးစေခြင်း။

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ လုပ်ခဈေးနှုန်းများ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း။

(ဂ) ဤဥပဒေအရထုတ်ပြန်ရမည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများ၏ မူကြမ်းများကို ရေးဆွဲ၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဃ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများက ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း။

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ခများ ရရှိစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်

ပေးခြင်း၊ အတည်ပြုခွင့်ပြုချက်ဖြင့် ထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း။

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အမိန့်ထုတ်ပြန်ခြင်း။

(ဆ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူးစသည့် ရာထူးများခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း တို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အမိန့်များ ထုတ်ပြန်ခြင်း။

(ဇ) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန်တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခြင်းရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း။

(ဈ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား အင်အား လျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အမိန့်များ ထုတ်ပေးခြင်း။

(ည) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း။

(ဋ) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း။

(ဌ) ကုန်တင်ကုန်ချအလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်း။

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ပ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း။

(ဏ) မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန် အတွက် အစိုးရအဖွဲ့က ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(တ) ဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက် နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ (သို့မဟုတ်) ၎င်းက ခန့်အပ်တာဝန်ပေးထားသူများနှင့် အလုပ်သမားမှူးအဆင့်ဆင့်တို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များကို အခြေခံလျက် လုပ်ငန်းခွင် ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း။

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

(ဂ) ဖြစ်သင့်သည့် အနည်းဆုံးမှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံး မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ကရုဏာကြေး သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း။

(ဃ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျော ညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန်လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရေး တင်ပြခြင်း။

(င) မြို့နယ်ရုံးလက်အောက်ရှိ လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(စ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည် ပြည်နယ် ကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကုန်တင် ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိစေရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား (၁၀) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော (သို့မဟုတ်) လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်တင်ပြချက်နှင့်အတူ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထား ရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံနှင့် မြို့တွင်းလုပ်ငန်းများစသည့် အများပြည်သူသွားလာရေးဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိက အဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင် နေသူများ။

(ခ) စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင် နေသူများ။

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက် လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ။

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် ဌာန၊ အဖွဲ့အစည်းများ။

၁၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းတို့ ပြုနိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲ တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ အစိုးရအဖွဲ့သည် ထုတ်ပေးထားသော ခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် သတ်မှတ်ကာလ မတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)
## ကုန်တင်ကုန်ချကော်မတီရုံးများ ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာ ပြောင်းရွှေ့ခြင်းအပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချ လုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်း ရမည့်အခြေအနေမျိုး ကြုံတွေ့ရပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်း ခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

၁၅။ ပြည်နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်ပါသည်။

၁၆။ ပုဒ်မ (၁၆) အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ ပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်း ရှင်းလင်းဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့် တကွ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းမှုအား အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးလက်အောက်ရှိ မြို့နယ်လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီနှင့် ဌာနခွဲများသည် မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေး ရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**[ ယခင်အပတ်မှအဆက် ]**

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

အမှတ် ၁၅၄/၂၀၁၃ ။ ။ အောက်ဖော်ပြပါ တပ်မတော်ဆေးတက္ကသိုလ်၊ အမှတ်စဉ် (၁၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများအား ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၃၇၆) | ဖြိုးဝေအောင် | ကြည်း | ၆၇၀၁၇ |
| (၃၇၇) | ပြည့်စုံအေး | ကြည်း | ၆၇၀၁၈ |
| (၃၇၈) | ဝေယံထွန်း | ကြည်း | ၆၇၀၁၉ |
| (၃၇၉) | ပြည့်ဖြိုးဇော် | ကြည်း | ၆၇၀၂၀ |
| (၃၈၀) | မိုးမြင့်သာ | ကြည်း | ၆၇၀၂၁ |
| (၃၈၁) | ဝင်းထွန်းဟိန်း | ကြည်း | ၆၇၀၂၂ |
| (၃၈၂) | ရဲမိုးဟိန်း | ကြည်း | ၆၇၀၂၃ |
| (၃၈၃) | အောင်ပြည့်ဖြိုး | ကြည်း | ၆၇၀၂၄ |
| (၃၈၄) | ညဏ်မျိုးသက် | ကြည်း | ၆၇၀၂၅ |
| (၃၈၅) | ဖြိုးမင်းဟိန်း | ကြည်း | ၆၇၀၂၆ |
| (၃၈၆) | သက်နိုင် | ကြည်း | ၆၇၀၂၇ |
| (၃၈၇) | ကျော်ဇေယျ | ကြည်း | ၆၇၀၂၈ |
| (၃၈၈) | ဇော်ဝင်းသန်း | ကြည်း | ၆၇၀၂၉ |
| (၃၈၉) | ဝင်းဖြိုးသိုက် | ကြည်း | ၆၇၀၃၀ |
| (၃၉၀) | သန့်ဟိန်းဇော် | ကြည်း | ၆၇၀၃၁ |

| | | | |
|---|---|---|---|
| (၃၉၁) | ကောင်းမြတ်ထွဋ် | ကြည်း | ၆၇၀၃၂ |
| (၃၉၂) | ပိုင်သော်ထက် | ကြည်း | ၆၇၀၃၃ |
| (၃၉၃) | ကျော်ထူး | ကြည်း | ၆၇၀၃၄ |
| (၃၉၄) | ရဲထွဋ်ခေါင် | ကြည်း | ၆၇၀၃၅ |
| (၃၉၅) | နေမျိုးထွန်း | ကြည်း | ၆၇၀၃၆ |
| (၃၉၆) | ဇေမောင်မောင် | ကြည်း | ၆၇၀၃၇ |
| (၃၉၇) | ကောင်းခန့်နိုင် | ကြည်း | ၆၇၀၃၈ |
| (၃၉၈) | ဇော်လွင်ဦး | ကြည်း | ၆၇၀၃၉ |
| (၃၉၉) | စိုးသူရအောင် | ကြည်း | ၆၇၀၄၀ |
| (၄၀၀) | သီဟန် | ကြည်း | ၆၇၀၄၁ |
| (၄၀၁) | သက်ပိုင် | ကြည်း | ၆၇၀၄၂ |
| (၄၀၂) | နိုင်ဝင်း | ကြည်း | ၆၇၀၄၃ |
| (၄၀၃) | မင်းသူဟိန်း | ကြည်း | ၆၇၀၄၄ |
| (၄၀၄) | တင်ထူးနိုင် | ကြည်း | ၆၇၀၄၅ |
| (၄၀၅) | နေလင်းအောင် | ကြည်း | ၆၇၀၄၆ |
| (၄၀၆) | အောင်ကျော်မင်း | ကြည်း | ၆၇၀၄၇ |
| (၄၀၇) | သက်နိုင်ထွဋ် | ကြည်း | ၆၇၀၄၈ |
| (၄၀၈) | တင်ထွန်းဝင်း | ကြည်း | ၆၇၀၄၉ |
| (၄၀၉) | ပြည့်ဘုန်းနိုင် | ကြည်း | ၆၇၀၅၀ |
| (၄၁၀) | အောင်နိုင်ထွန်း | ကြည်း | ၆၇၀၅၁ |
| (၄၁၁) | တိုးဇော်ဦး | ကြည်း | ၆၇၀၅၂ |
| (၄၁၂) | မြတ်ကိုကို | ကြည်း | ၆၇၀၅၃ |
| (၄၁၃) | ဘုန်းပြည့်ဖေ | ကြည်း | ၆၇၀၅၄ |
| (၄၁၄) | ကိုကိုလေး | ကြည်း | ၆၇၀၅၅ |
| (၄၁၅) | ဖွဲပြည့်ဖြိုး | ကြည်း | ၆၇၀၅၆ |
| (၄၁၆) | ဖြိုးဝေသိန်း | ကြည်း | ၆၇၀၅၇ |
| (၄၁၇) | အောင်သက်မိုး | ကြည်း | ၆၇၀၅၈ |
| (၄၁၈) | ပြည့်ဖြိုးဟန် | ကြည်း | ၆၇၀၅၉ |
| (၄၁၉) | ထွန်းထွန်းဇော် | ကြည်း | ၆၇၀၆၀ |
| (၄၂၀) | ဟိန်းဝေယံနိုင် | ကြည်း | ၆၇၀၆၁ |
| (၄၂၁) | ချစ်ဇော်ထက် | ကြည်း | ၆၇၀၆၂ |
| (၄၂၂) | ပြည့်စုံ | ကြည်း | ၆၇၀၆၃ |
| (၄၂၃) | ကျော်စည်သူ | ကြည်း | ၆၇၀၆၄ |
| (၄၂၄) | သက်ဇော်ဝင်း | ကြည်း | ၆၇၀၆၅ |
| (၄၂၅) | စိုးသန့်ထက် | ကြည်း | ၆၇၀၆၆ |
| (၄၂၆) | စိုင်းခေးဟတ် | ကြည်း | ၆၇၀၆၇ |
| (၄၂၇) | အောင်လှိုင်ထွန်း | ကြည်း | ၆၇၀၆၈ |
| (၄၂၈) | ထွန်းထွန်းနိုင် | ကြည်း | ၆၇၀၆၉ |
| (၄၂၉) | စိုးနိုင် | ကြည်း | ၆၇၀၇၀ |
| (၄၃၀) | အောင်ပြည့်စုံ | ကြည်း | ၆၇၀၇၁ |
| (၄၃၁) | ထွန်းထွန်းလင်း | ကြည်း | ၆၇၀၇၂ |
| (၄၃၂) | အောင်ထွန်းသိုက် | ကြည်း | ၆၇၀၇၃ |

| | | | |
|---|---|---|---|
| (၄၃၃) | ခိုင်မြဲအောင် | ကြည်း | ၆၇၀၇၄ |
| (၄၃၄) | ကောင်းထိုက် | ကြည်း | ၆၇၀၇၅ |
| (၄၃၅) | စိုင်းကိုကို | ကြည်း | ၆၇၀၇၆ |
| (၄၃၆) | အောင်ဇင် | ကြည်း | ၆၇၀၇၇ |
| (၄၃၇) | ဖြိုးသူ | ကြည်း | ၆၇၀၇၈ |
| (၄၃၈) | ရဲလင်းဦး | ကြည်း | ၆၇၀၇၉ |
| (၄၃၉) | ဇင်ထွန်း | ကြည်း | ၆၇၀၈၀ |
| (၄၄၀) | မျိုးသီဟ | ကြည်း | ၆၇၀၈၁ |
| (၄၄၁) | ချစ်မင်းမောင် | ကြည်း | ၆၇၀၈၂ |
| (၄၄၂) | အောင်မျိုးဟိန်း | ကြည်း | ၆၇၀၈၃ |
| (၄၄၃) | ဖြိုးကျော် | ကြည်း | ၆၇၀၈၄ |
| (၄၄၄) | ဇော်လွင်ထက် | ကြည်း | ၆၇၀၈၅ |
| (၄၄၅) | ညဏ်ထူး | ကြည်း | ၆၇၀၈၆ |
| (၄၄၆) | အောင်သူဟိန်း | ကြည်း | ၆၇၀၈၇ |
| (၄၄၇) | ကြည်မင်းလှိုင် | ကြည်း | ၆၇၀၈၈ |
| (၄၄၈) | ပြည့်စုံမိုး | ကြည်း | ၆၇၀၈၉ |
| (၄၄၉) | မင်းသိန်း | ကြည်း | ၆၇၀၉၀ |
| (၄၅၀) | ကျော်မင်းတင် | ကြည်း | ၆၇၀၉၁ |
| (၄၅၁) | ကျော်သက်အောင် | ကြည်း | ၆၇၀၉၂ |
| (၄၅၂) | ကျော်ဇေပိုင် | ကြည်း | ၆၇၀၉၃ |
| (၄၅၃) | ညဏ်ဝင်းအောင် | ကြည်း | ၆၇၀၉၄ |
| (၄၅၄) | ထက်နိုင် | ကြည်း | ၆၇၀၉၅ |
| (၄၅၅) | ဖြိုးညီညီလွင် | ကြည်း | ၆၇၀၉၆ |
| (၄၅၆) | အောင်မြတ်ထက် | ကြည်း | ၆၇၀၉၇ |
| (၄၅၇) | အောင်ကျော်မြင့် | ကြည်း | ၆၇၀၉၈ |
| (၄၅၈) | ပြည့်ဖြိုးကျော် | ကြည်း | ၆၇၀၉၉ |
| (၄၅၉) | အောင်သူဟိန်း | ကြည်း | ၆၇၁၀၀ |
| (၄၆၀) | ကောင်းမြတ်သူ | ကြည်း | ၆၇၁၀၁ |
| (၄၆၁) | အောင်ခြိမ့် | ကြည်း | ၆၇၁၀၂ |
| (၄၆၂) | ချစ်ကိုကို | ကြည်း | ၆၇၁၀၃ |
| (၄၆၃) | ဇင်မင်းထွန်း | ကြည်း | ၆၇၁၀၄ |
| (၄၆၄) | ခွန်ဇော်သူ | ကြည်း | ၆၇၁၀၅ |
| (၄၆၅) | အောင်မြင့်သန်း | ကြည်း | ၆၇၁၀၆ |
| (၄၆၆) | ညဏ်လင်းကျော် | ကြည်း | ၆၇၁၀၇ |
| (၄၆၇) | ဥက္ကာမင်း | ကြည်း | ၆၇၁၀၈ |
| (၄၆၈) | မြတ်ဇော်သူ | ကြည်း | ၆၇၁၀၉ |
| (၄၆၉) | ကောင်းထက်ဟိန်း | ကြည်း | ၆၇၁၁၀ |
| (၄၇၀) | ခင်ညွန့် | ကြည်း | ၆၇၁၁၁ |
| (၄၇၁) | စစ်သူရနိုင် | ကြည်း | ၆၇၁၁၂ |
| (၄၇၂) | ဝင်းမြင့်ထက် | ကြည်း | ၆၇၁၁၃ |
| (၄၇၃) | သန့်စင်အောင် | ကြည်း | ၆၇၁၁၄ |
| (၄၇၄) | ပိုင်စိုး | ကြည်း | ၆၇၁၁၅ |

| | | | |
|---|---|---|---|
| (၄၇၅) | ဝင်းနိုင်ထွန်း | ကြည်း | ၆၇၁၁၆ |
| (၄၇၆) | ဇော်ဖြိုး | ကြည်း | ၆၇၁၁၇ |
| (၄၇၇) | ဝေမိုးသူ | ကြည်း | ၆၇၁၁၈ |
| (၄၇၈) | ကောင်းမြတ်သူ | ကြည်း | ၆၇၁၁၉ |
| (၄၇၉) | နေဦးလွင် | ကြည်း | ၆၇၁၂၀ |
| (၄၈၀) | ကောင်းထက်သူ | ကြည်း | ၆၇၁၂၁ |
| (၄၈၁) | သောင်းနန္ဒ | ကြည်း | ၆၇၁၂၂ |
| (၄၈၂) | ထက်မြက်အောင် | ကြည်း | ၆၇၁၂၃ |
| (၄၈၃) | စိုးမိုးထွန်း | ကြည်း | ၆၇၁၂၄ |
| (၄၈၄) | ကိုကိုနိုင် | ကြည်း | ၆၇၁၂၅ |
| (၄၈၅) | သန့်စင် | ကြည်း | ၆၇၁၂၆ |
| (၄၈၆) | ကျော်သက်လွင် | ကြည်း | ၆၇၁၂၇ |
| (၄၈၇) | ကျော်သူရိန်စိုး | ကြည်း | ၆၇၁၂၈ |
| (၄၈၈) | ကောင်းသန့် | ကြည်း | ၆၇၁၂၉ |
| (၄၈၉) | တင့်ရွှေအောင် | ကြည်း | ၆၇၁၃၀ |
| (၄၉၀) | မင်းဇင် | ကြည်း | ၆၇၁၃၁ |
| (၄၉၁) | သက်ဖြိုးဝေ | ကြည်း | ၆၇၁၃၂ |
| (၄၉၂) | ပိုင်သက်အောင် | ကြည်း | ၆၇၁၃၃ |
| (၄၉၃) | ဝေဖြိုးပိုင် | ကြည်း | ၆၇၁၃၄ |
| (၄၉၄) | ပြည့်စုံသက် | ကြည်း | ၆၇၁၃၅ |
| (၄၉၅) | ဖြိုးကိုကို | ကြည်း | ၆၇၁၃၆ |
| (၄၉၆) | ဟိန်းထက်နိုင် | ကြည်း | ၆၇၁၃၇ |
| (၄၉၇) | နေလဗိုလ် | ကြည်း | ၆၇၁၃၈ |
| (၄၉၈) | ကျော်ဇင်ဝင်း | ကြည်း | ၆၇၁၃၉ |
| (၄၉၉) | အောင်မင်းသူ | ကြည်း | ၆၇၁၄၀ |
| (၅၀၀) | ထူးကိုဝင်း | ကြည်း | ၆၇၁၄၁ |
| (၅၀၁) | မိုးမြင့် | ကြည်း | ၆၇၁၄၂ |
| (၅၀၂) | စိုးအုပ်ကြည် | ကြည်း | ၆၇၁၄၃ |
| (၅၀၃) | သက်ထူးမြတ် | ကြည်း | ၆၇၁၄၄ |
| (၅၀၄) | ဇော်သူအောင် | ကြည်း | ၆၇၁၄၅ |
| (၅၀၅) | ဉာဏ်လင်းမောင် | ကြည်း | ၆၇၁၄၆ |
| (၅၀၆) | သက်ထက်နိုင် | ကြည်း | ၆၇၁၄၇ |
| (၅၀၇) | ဝေယံ | ကြည်း | ၆၇၁၄၈ |
| (၅၀၈) | အောင်မျိုးမင်း | ကြည်း | ၆၇၁၄၉ |
| (၅၀၉) | လင်းမြတ်ဟိန်း | ကြည်း | ၆၇၁၅၀ |
| (၅၁၀) | ချမ်းငြိမ်းဦး | ကြည်း | ၆၇၁၅၁ |
| (၅၁၁) | ဖြိုးမင်းသူ | ကြည်း | ၆၇၁၅၂ |
| (၅၁၂) | ဇေယျာဖြိုး | ကြည်း | ၆၇၁၅၃ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Act and

**IVANHOE MYANMAR HOLDINGS, LIMITED**

[ Under Sections 203 & 206 (1) ]

At an Extra-ordinary General Meeting of the Ivanhoe Myanmar Holdings, Limited duly convened on 29-1-2014, at 9:00 a.m at No. 234, A-1, U Wisara Road, Kamayut Township, Yangon Region, the Republic of the Union of Myanmar, the following resolutions were passed unanimously as Special Resolutions and were approved by the Creditors' Meeting subsequently held on the same day:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound up voluntarily under Creditors' Voluntary Winding up.

(2) Resolved that Daw Naw Cherry Phaw, (B.Com, C.P.A, D.B.L), holder of Citizenship Scrutiny Card No. 14/Ah Ma Na (Naing) - 034697, Audit Manager of Win Thin & Associates Limited of Room (2B & 2C), Rose Condominium, No. 182/194, $1^{st}$ Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

By order of the Board,
Mr. Ian Frederick Wootten
President & Representative
Ivanhoe Myanmar Holdings, Limited

မြန်မာကုမ္ပဏီများအက်ဥပဒေနှင့်

**မြောက်ဘက်ကမ်းခြေ အထည်ချုပ်ကုမ္ပဏီလီမိတက်**

**(NORTH SHORE GARMENTS COMPANY LIMTED)**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၈-၂-၂၀၁၄) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်စွာမင်း
မန်နေးဂျင်းဒါရိုက်တာ
မြောက်ဘက်ကမ်းခြေ အထည်ချုပ်ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**ပြီးပြည့်စုံမှု ကုန်ထုတ်လုပ်ခြင်းကုမ္ပဏီလီမိတက်**

ဖျက်သိမ်းကြောင်းကြေညာချက်

၁။ **ပြီးပြည့်စုံမှု ကုန်ထုတ်လုပ်ခြင်းကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၈-၁-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် အရာရှိအဖြစ် အမှတ် (၉)၊ ပန်းခြံလမ်း၊ (၆) လွှာ၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြမြဝင်း (B.Com, A.A, C.P.A) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်ကို တစ်လအတွင်း ဒေါ်မြမြဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

Daw Khin Su Hlaing
Managing Director
COMPLETION MANUFACTURING
COMPANY LIMITED.

ဒေါ်မြမြဝင်း
B.Com, A.A, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**နေသူရိန် (ဟန်) ကျောက်မျက်ကုမ္ပဏီလီမိတက်**

**[NAY THU YEIN (HAN) GEMS COMPANY LIMITED]**

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နေသူရိန် (ဟန်) ကျောက်မျက်ကုမ္ပဏီလီမိတက် [NAY THU YEIN (HAN) GEMS COMPANY LIMITED]** အား (၁၇-၁-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဒေါ်စန်းကြည်** [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW AYE AYE | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| NAY THU YEIN (HAN) GEMS CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**နေသူရိန် (ဟန်) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**[NAY THU YEIN (HAN) CONSTRUCTION COMPANY LIMITED]**

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နေသူရိန် (ဟန်) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် [NAY THU YEIN (HAN) CONSTRUCTION COMPANY LIMITED]** အား (၁၇-၁-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဒေါ်စန်းကြည်** [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW AYE AYE | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| NAY THU YEIN (HAN) CONSTRUCTION CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## SJMN COMPANY LIMITED

### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၂၉-၁-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၂၉-၂-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဘရဏီစိုး
မန်နေးဂျင်းဒါရိုက်တာ
SJMN Company Limited

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၃၁-၁-၂၀၁၄။